A

Accountant 16
Actor 16
Actuary 17
Anthropologist 17
Archaeologist 18
Architect 18
Archivist 19
Art director 19
Auditor 20

B

Beauty therapist 20
Biochemist 21
Biomedical scientist 21
Business development executive/manager/marketing executive/manager ... 22
Buyer 22
Business /management consultant 23

C

Chef 23
Chemist 24
Chiroproctor 24
Conductor 25
Copywriter 25
Counsellor 26
Creative director 26
Criminologist 27

D

Doctor 27
Dietician/nutritionist 28
Disc jockey (DJ)/radio/music presenter .. 29

E

Economist 29
Editor 30
Engineer 30
Aeronautical engineer 30
Agricultural engineer 30
Biomedical engineer 31
Chemical engineer 31
Civil and structural engineer 31
Electrical engineer 32
Electronics engineer 32
Manufacturing engineer 32
Maritime engineer 33
Materials engineer 33
Mechanical engineer 34
Metallurgical engineer 34
Mining and mineral process engineer 35

F

Fashion coordinator 35
Fashion designer 36
Financial controller 36
Firefighter 37
Flight attendant 37
Forensic scientist 38

G

Geneticist 38
Geologist 39
Graphic artist 39

H

Hardware engineer 40
Human resources officer 40

I

Insurance agent 41
Interior designer 41
Interpreter 42
Investment banker 42
IT consultant 43

J

Journalist/reporter 43

L

Lawyer 44
Librarian 44

M

Management trainee 45
Marine biologist 45
Market researcher 46
Meteorologist 46
Microbiologist 47
Midwife 47
Model 48
Museum curator 48

N

Network administrator 49
Nurse 49

O

Occupational therapist 50
Office administrator 50
Optometrist 51
Osteopath 51

P

Pharmacist 52
Photographer 52
Physiotherapist 53
Pilot 53
Podiatrist 54
Police officer 54
Programmer 55
Public relations officer 55
Psychologist 56

Q

Quality assurance inspector 56

R

Radiographer 57
Ranger 57
Remister 58

S

Sales executive 58
Secretary 59
Software developer/engineer 59
Speech therapist 60
Statistician 60
  Surveyor 61
  Building surveyor 61
  Land surveyor 61
  Quantity surveyor 62
  Property consultancy and valuation surveyor 62
Systems analyst 63

T

Teacher 63
Technical support 64
Trader 64
Tour guide 65
Translator 65

U

Underwriter 66
Urban planner 66

V

Veterinarian 67

W

Web developer 67
Welfare officer 68
Writer/technical writer 68

Z

Zookeeper 69
Zoologist 69


An Effective and Efficient Organization
Organisation's Vision / Objective
Committed Leaders
Efficient Secretariat
An Effective and Efficient Secretariat
Motivated Staff
Good Working Environment
Adequate Office Machine & Equipment
Vision/Objective
Committed Leaders
Efficient Secretariat
Good Working Environment
Adequate Office Machine&Equipment
Motivated Staff

The Effective Organizations and The Efficient Secretariat linked as per above diagram

Mechanical engineer
စက်မှုအင်ဂျင်နီယာ

Areas of work

စက်မှုအင်ဂျင်နီယာများသည် စက်ကရိယာပစ္စည်းများကိုတီထွင်ခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ မောင်းနှင်လည်ပတ်စေခြင်းနှင့် ထိန်းသိမ်းခြင်းစသောလုပ်ငန်းများကို စီမံကိန်းရေးဆွဲပေးသူများ၊ ဒီဇိုင်းပုံစံရေးဆွဲသူများနှင့် လုပ်ငန်းကြီးကြပ်လုပ်ဆောင်ဖြစ်သည်။

စက်မှုအင်ဂျင်နီယာများသည် အင်ဂျင်နီယာအသိပညာအခြေခံ ကျယ်ပြန့်ရန်လိုအပ်သည့် ဖြင့် ကုန်ထုတ်လုပ်ခြင်း-ပို့ဆောင်ခြင်း-ထိန်းသိမ်းခြင်းနှင့် ကုန်ပစ္စည်းအားအန္တရာယ်ကင်းရှင်းခြင်းစသောနယ်ပယ်များတွင်လည်း အထူးပြုလေ့လာသူများဖြစ်ရမည်။

ခေတ်သစ်လုပ်ငန်း အများအပြားသည် စက်မှုနည်းစနစ်များပေါ်တွင် အားပြုတည်ဆောက်ထားကြသဖြင့် စက်မှုအင်ဂျင်နီယာများ၏အခန်းကဏ္ဍသည် ပို၍အရေးပါလာကြရသည်။ လုပ်ငန်းတာဝန်များလည်းရှုပ်ထွေးပါသည်။ သိပ္ပံသီအိုရီများကို လက်တွေ့အသုံးချခြင်း အပါအဝင် ပိုင်းခြားစိတ်ဖြာတွက်ချက်ခြင်းများ ဒီဇိုင်းပုံစံများကို လိုအပ်ချက်များနှင့်ကိုက်ညီမှု ရှိမရှိ စစ်ဆေးခြင်းများပြုလုပ်ရသည်။ ခြေတု လက်တုလုပ်ခြင်းမှ ဂြိုလ်တုဆက်သွယ်ရေးအထိ ကျယ်ပြန့်လာသည်။ လေယာဉ် အာကာသယာဉ်ထုတ်လုပ်မှုနှင့် စားသောက်ကုန်ထုတ်လုပ်ရေး လုပ်ငန်းများလည်း ပါဝင်လာသည်။

Qualification / skills required
လိုအပ်သောအရည်အချင်း

Mechnical engineering ဘွဲ့တစ်ခုရရှိထားပြီးဖြစ်ရမည်။ စက်မှုအင်ဂျင်နီယာများသည် ကွန်ပျူတာနှင့်နည်းပညာ ဒီဇိုင်းပုံစံများကိုစိတ်ဝင်စားမှုရှိသူ ဖြစ်ရမည်။ ပြဿနာများကို ခွဲခြမ်းစိတ်ဖြာပြီး ကောင်းမွန်စွာဖြေရှင်းနိုင်သူများလည်း ဖြစ်ရပါမည်။

ဤအလုပ်သင့်အတွက်ဟုတ်မဟုတ် ဤသို့ သင့်ကိုယ်သင် မေးကြည့်ပါ?

ကွန်ပျူတာနှင့်နည်းပညာဒီဇိုင်းမှာ စိတ်ဝင်စားသလား၊ သရုပ်ခွဲစိစစ်တတ်သူနှင့်ပြဿနာဖြေရှင်းတတ်သူဖြစ်သလား။

Metallurgical engineer
သတ္တုဗေဒအင်ဂျင်နီယာ

Areas of work

သတ္တုဗေဒပညာဟုဆိုရာတွင် သတ္တုများရရှိအောင်တူးဖော်သည့် နည်းပညာများ၊ သတ္တုများ၏ ဂုဏ်သတ္တိများနှင့် ၎င်းတို့ကိုအသုံးချရေးဆိုင်ရာ သိပ္ပံပညာရပ်များ စသည့်ပညာရပ်များအားလုံးကို ရည်ညွှန်းပါသည်။

သတ္တုဗေဒအင်ဂျင်နီယာများသည် သတ္တုများကို သတ္တုတွင်းများမှ ထုတ်ယူပြီး သန့်စင်ရေးအတွက် နည်းပညာများကို တီထွင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်ရပါသည်။ သတ္တုဗေဒအင်ဂျင်နီယာပညာကို နှစ်ပိုင်းခွဲခြားနိုင်ပါသည်။ ပထမအပိုင်းမှာ သတ္တုသိုက်ကြီးများတည်ရှိမှုကို ခန့်မှန်းတိုင်းတာခြင်းနှင့် နယ်မြေသတ်မှတ်ခြင်း၊ သတ္တုများကိုတူးဖော်ထုတ်ယူခြင်းနှင့် ထုတ်ယူပြီး သတ္တုရိုင်းများကို အခြားသတ္တုဖြစ်စင်များအဖြစ် သန့်စင်ယူခြင်းဖြစ်ပါသည်။

ဒုတိယအပိုင်းမှာ သန့်စင်ထုတ်လုပ်ပြီးသတ္တုနှင့်သတ္တုများကို သတ္တုကုန်ချောထုတ်ကုန်ပစ္စည်းပြုလုပ်ခြင်းနှင့် သက်ဆိုင်ပါသည်။

သတ္တုဗေဒအင်ဂျင်နီယာများသည် ဓါတ်သတ္တုထုတ်လုပ်ရေးတွင်းများ၊ သတ္တုတွင်းများ၊ အလုပ်ရုံများ၊ စက်ရုံများ၊ ဓါတ်ခွဲခန်းများနှင့်ရုံးများတွင် ဝင်ရောက်လုပ်ကိုင်ကြရသည်။

Qualification / skills required
လိုအပ်သောအရည်အချင်း

သတ္တုဗေဒအင်ဂျင်နီယာပညာ အထူးပြုဘာသာဖြင့် ဘွဲ့တစ်ခု ရရှိပြီးသူဖြစ်ရမည်။ ထို့ပြင်သတ္တုဗေဒအင်ဂျင်နီယာသည် သိပ္ပံသဘောတရားနှင့်လက်တွေ့ကို ပေါင်းစပ်အသုံးပြုရသူဖြစ်သည်၊ လက်တွေ့ပြဿနာများကို ထက်ထက်မြက်မြက် ခွဲခြမ်းစိတ်ဖြာတတ်မှုအရည်အသွေးရှိရပြီး၊ လွတ်လွတ်လပ်လပ်ဖြေရှင်းနိုင်စွမ်းရှိသူလည်းဖြစ်ရပါမည်။

ဤအလုပ်သင့်အတွက်ဟုတ်မဟုတ် ဤသို့ သင့်ကိုယ်သင် မေးကြည့်ပါ?

လက်တွေ့ကျ-သိပ္ပံနည်းကျသလား၊ သရုပ်ခွဲစိစစ်မှုကျွမ်းကျင်ပြီး-ပြဿနာများကို အမှီခိုကင်းကင်း ဖြေရှင်းတတ်သလား။

Mining and mineral process engineer
သတ္တုတူးဖော်ခြင်းနှင့်သတ္တုတူးဖော်ခြင်း နည်းပညာအင်ဂျင်နီယာ

Areas of work

ဤအင်ဂျင်နီယာလုပ်ငန်းသည်-ဓါတ်သတ္တုနှင့် သတ္တုများကို သတ္တုသိုက်များမှ တူးဖော်ထုတ်ယူရေး လုပ်ငန်းဖြစ်သည်၊

ဤအင်ဂျင်နီယာများသည် အဆင့်မြင့် နည်းပညာများကိုအသုံးပြုလျှက် စက်ကရိယာ ပစ္စည်းများကို တီထွင်ရသည်၊ တီထွင်ပြီးပစ္စည်းများကို မည်သို့ မည်ပုံအသုံးပြုရမည်ကိုလည်း နည်းလမ်းသစ်များ ရှာဖွေရသူဖြစ်သည်၊ သို့မှသာလျှင် သတ္တုတူးဖော်စဉ်အတောအတွင်းပါတ်ဝန်းကျင်အားအန္တရာယ် ကင်းရှင်းပြီး စရိတ်စကကျဉ်းကျဉ်းဖြင့် ထုတ်လုပ်နိုင်မည် ဖြစ်သည်။

မီးသွေး၊ ကျောက်စရစ်၊ သတ္တုအမျိုးမျိုးမှ ရွှေ ငွေ၊ ကျောက်သံပတ္တမြားအထိ ထုတ်လုပ်ရာ၌ တာဝန်ယူရသူဖြစ်ရာ မိုင်းတွင်းရှိမည့်နေရာကို ရှာဖွေရခြင်း၊ မြေပုံထုတ်ခြင်းတို့ကို လုပ်ဆောင်ရပေမည်၊ ယင်းသည် ဘူမိဗေဒပညာရှင်အလား မြေကိုတူးစမ်းလေ့လာသည့်လုပ်ငန်းကိုပါ လုပ်ဆောင်ရသည်။

Qualification / skills required
လိုအပ်သောအရည်အချင်း

Mining and mineral process engineer အထူးပြုဘာသာဖြင့် အင်ဂျင်နီယာဘွဲ့တစ်ခုရရှိပြီးသူဖြစ်ရမည်၊ ပထဝီဝင်ဘာသာ၊ ဓါတုဗေဒ နှင့်ပါတ်ဝန်းကျင်ဘာသာရပ်များ ကဲ့သို့သော ပညာရပ်များနှင့်ပါတ်သက်၍ကျွမ်းကျင်သူနှင့် ကျယ်ပြန့်သောအခြေခံဗဟုသုတ ရှိသူဖြစ်ဖို့လိုအပ်ပေသည်။

ဤအလုပ်သင့်အတွက်ဟုတ်မဟုတ် ဤသို့ သင့်ကိုယ်သင် မေးကြည့်ပါ?

ဘူမိဗေဒ-ဓါတုဗေဒနှင့် သဘာဝပတ်ဝန်းကျင် စသော ဘာသာရပ်များကို အထိအတွေ့ရှိဖူးသလား၊ နံ့နံ့စပ်စပ် ကျယ်ကျယ်ပြန့်ပြန့်သိသလား၊ နည်းပညာတတ်ကျွမ်းမှု အားကောင်းရဲ့လား။

Fashion coordinator
ဖက်ရှင်ထည်များဈေးကွက်ရှာသူ

Areas of work

ဖက်ရှင်အဝတ်အစားများ၊ ချုပ်လုပ်ပြီးသား ဝတ်စုံများကိုဈေးကွက်တင်ရောင်းရန်အတွက် စီမံခန့်ခွဲသူဖြစ်သည်၊ ဖက်ရှင်ဝတ်စုံများကိုပြည်သူလူထုအကြား တိုးဝင်အောင်၊ ကျော်ကြားအောင်စီမံသူလည်းဖြစ်သည်၊ အမြဲခေတ်မီစေရန် စီမံရသည်။

သူတို့သည်ဖက်ရှင်အရောင်းဆိုင်ကြီးများ စသည်တို့တွင် တနည်းအားဖြင့်အရောင်းမန်နေဂျာကြီးများနှင့်တွဲဖက်လုပ်ကိုင်ကြ၏။

Qualification / skills required
လိုအပ်သောအရည်အချင်း

Art, design ပညာတွင် ဒီဂရီ (သို့) ဒီပလိုမာရရှိရမည်။ တီထွင်ဉာဏ်နှင့် ဉာဏ်စွမ်းရည်ပြည့်ဝသူဖြစ်ရမည်၊ ညှိနှိုင်းဆွေးနွေးရာတွင်ကျွမ်းကျင်သူဖြစ်ရမည်၊

ဤအလုပ်သင့်အတွက်ဟုတ်မဟုတ် ဤသို့ သင့်ကိုယ်သင် မေးကြည့်ပါ?

အနုပညာ-ဖန်တီးခြင်းပညာတို့တွင် ထူးထူးခြားခြား စိတ်ဝင်စားသလား၊ အလှအပ ပညာနှင့်ဖက်ရှင်ပညာမှာခေါင်းခံပါရမီရှိသလား၊ လူမှုဆက်ဆံရေးနှင့် ဆွေးနွေးညှိနှိုင်းတတ်ကျွမ်းသလား။

ကျောက်တုံး(Rocks)နှင့်တွင်းထွက်(Minerals)တို့၏ ကွဲပြားချက်ကား အဘယ်နည်း? သဘာဝအလျောက် ဖြစ်ပေါ်လာသော သက်မဲ့အစိုင်အခဲသည် တွင်းထွက်ဖြစ်သည်၊ တိကျ သောဓါတုဖွဲ့စည်းပုံနှင့် ပုံဆောင်ခဲအသွင်ရှိသည်။ ကျောက်တုံးဟူသည် တွင်းထွက်နှစ်မျိုး ထက်မက ပါဝင်ပြီး၊ သက်ရှိ ရုပ်ကြွင်းများလည်းပါဝင်နိုင်သည်။